ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သတ္တုတွင်းဝန်ကြီးဌာန

ဝန် ကြီး ရုံး

နေပြည်တော်

**<u>အမိန့်ကြော်ငြာစာအမှတ် ( ၁၀၇ / ၂၀၁၁ )</u>**

၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်

( ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက် )

၁။ သတ္တုတွင်းဝန်ကြီးဌာနသည် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေပုဒ်မ ၅၄၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ (၁၁) ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၉/၂၀၁၁) ဆုံးဖြတ်ချက်အရ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ သတ္တုတွင်းဝန်ကြီးဌာနသည် ကျောက်စိမ်း အချောထည်များ၊ ပလွမ် (Albite) နှင့် သလင်းကျောက် (Quartzite)၊ အင်ကြင်းကျောက် (Petrified Wood) တို့ဖြင့် ပြုလုပ်ထားသော အချောထည်များကို နယ်စပ်ကုန်သွယ်ရေး ( Border Trade )ဖြင့် ရောင်းချနိုင်ရန်အတွက် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့ (One Stop Service Centre) များ ဖွင့်လှစ်ထားရှိပြီး သတ်မှတ်ထားသော အခွန်ငွေကို ကျပ်ငွေဖြင့် ပေးဆောင်ပြီးပါက မူဆယ်မြို့သို့ သယ်ယူ ပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ ဆောင်ရွက်ခွင့် ပြုလိုက်သည်။

သိန်းထိုက်

ပြည်ထောင်စုဝန်ကြီး

သတ္တုတွင်းဝန်ကြီးဌာန

စာအမှတ်၊ ၁၀ ခွဲ (၁) ၁၁ ( ၄၃/၂ )

ရက်စွဲ၊ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်

<u>ဖြန့်ဝေခြင်း</u>

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

လွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး ၊

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

ညှိဝန်ကြီးဌာနရှိ ကျန်ဦးစီးဌာန/လုပ်ငန်းအားလုံး

| | |
|---|---|
| ဦးဆောင်ညွှန်ကြားရေးမှူး<br>ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း | မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန်<br>မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ |

အမိန့်အရ

(ဝင်းမင်းဦး)

ရုံးအဖွဲ့မှူး

သတ္တုတွင်းဝန်ကြီးဌာန